မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

July 5 , 2023 Volume 68, Number 3

၅.၇.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၆.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၃.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၉.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၀.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၉၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၃၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၄၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၁.၃၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၂၁၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တစ်ပတ်အတွင်း နှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၄ ရက်မှ ၃၀ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ဆန်၊ မြေထောက်ပဲ၊ ပဲတီစိမ်း၊ ပြောင်း၊ နိုင်လွန်ပဲနှင့်ဆန်ကွဲများတင်ပို့ခဲ့ပြီး ပို့ကုန်၏ စုစုပေါင်း ငွေပမာဏမှာ ၆၉၆၁၄၈.၆၁၀ ကန်ဒေါ်လာတင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၇ ရက်မှ ၂၃ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏ ၇၆၇၃၇၅.၈၈၀ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၇၁၂၂၇.၂၇၀ ကန်ဒေါ်လာ တန်ဖိုး လျော့နည်း၍ တင်ပို့မှုရှိခဲ့သည်ကိုတွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၄ ရက်မှ ၃၀ ရက်နေ့အတွင်း ပလပ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ ချည်ထည်များ၊ ဓါတ်မြေဩဇာများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လယ်ထွန်စက်များ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ဓါတုဗေဒ ချည်ခင်များ၊ သားရေ/ သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ သံပိုက်၊ ကားတာယာနှင့်မြက်ခင်းတုများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ၉၆၄၆၃၆.၂၉၀ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၇ ရက်မှ ၂၃ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုး ၁၁၉၉၂၈၃.၂၄၀ ကန်ဒေါ်လာနှင့် ကာလတူ တင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၂၃၄၆၄၆.၉၅၀ ကန်ဒေါ်လာတန်ဖိုး လျော့နည်း၍တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၂၆၈၄၈၇.၆၈ ကန်ဒေါ်လာတန်ဖိုး လျော့နည်းပြီး ကုန်သွယ်မှုပြုခဲ့ကြောင်း ကုန်သွယ်မှု စာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၄၅ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၉.၈၅ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနော်မြေကုန်သွယ်မှုဇုံ**

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်ညီညွတ်သော ထိုင်းနွားကောင်ရေ ၇၀၀၀ ဗီယက်နမ်ဝယ်ယူမည်

ယခုဇူလိုင်လမှ စက်တင်ဘာလအထိ နွားကောင်ရေ ၇၀၀၀ ကို ထိုင်းနိုင်ငံမှ တင်သွင်းရန် ဗီယက်နမ်က သဘောတူညီခဲ့ပါသည်။ တန်ဖိုး ဘတ် ၂၉၅ သန်းရှိမည်ဟု ခန့်မှန်းပါသည်။ မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန Department of Livestock Development (DLD) က ဗီယက်နမ် အာဏာပိုင်များက ကျွဲနွားမွေးမြူရေးခြံ ၁၄ ခုအား တင်ပို့ရန် ခွင့်ပြုချက်ပေးခဲ့ကြောင်း ပြောကြားသည်။

အဆိုပါ သဘောတူညီချက်သည် ယမန်နှစ်နှောင်းပိုင်းကတည်းက ခြောက်လကြာ ညှိနှိုင်းမှုရလဒ်ဖြစ်ပါသည်။ နိုင်ငံတကာစံနှုန်းများအရ နွားများ မိလ္လာစနစ်၊ ရောဂါထိန်းချုပ်ရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ စသည့်ကိစ္စရပ်များကို ညှိနှိုင်းခဲ့ကြသည်ဟု DLD ပြောရေးဆိုခွင့်ရှိသူ Sophat Chawankul က ပြောကြားသည်။ “ထိုင်းလယ်သမားတွေအတွက် သတင်းကောင်းဖြစ်သလို ထိုင်းနိုင်ငံရဲ့ နွားဈေးကွက်ကို နိုင်ငံရပ်ခြားမှာ ချဲ့ထွင်ဖို့ နောက်ထပ်ခြေလှမ်းတစ်ခုအတွက်လည်း သတင်းကောင်းပါ” ဟု ၎င်းကဆိုသည်။

သဘောတူညီချက်အရ နွားများသည် အောက်ပါတို့အပါအဝင် စံသတ်မှတ်ချက်များနှင့်ပြည့်မီရမည်ဖြစ်သည် –

- ထိုင်းမွေးမြူရေးခြံတွင် မွေးဖွားခြင်းဖြစ်ရမည်။ အခြားနိုင်ငံမှ တင်သွင်းထားသော နွားဆိုပါက ထိုင်းမွေးမြူရေးခြံတွင် အနည်းဆုံး နှစ်လ မွေးမြူထားပြီးဖြစ်ရမည်။
- ခွာနာလျှာနာရောဂါ ကင်းရှင်းကြောင်း လက်မှတ်ရှိရမည်။
- မတင်ပို့ခင် အနည်းဆုံး ၁၄ ရက်မတိုင်မီက ၎င်းရောဂါ ကာကွယ်ဆေး ထိုးနှံထားရမည်။
- အရေပြား အဖုအကျိတ်ရောဂါလက္ခဏာ မရှိရ၊ အနည်းဆုံး ၂ လ နှင့် အများဆုံး တစ်နှစ်မတိုင်မီက ကာကွယ်ဆေး ထိုးနှံထားရမည်။
- Beta-agonist ပစ္စည်းများ ကင်းရှင်းကြောင်း ကျပန်းစမ်းသပ်မှုများကို နှစ်ကြိမ်အောင်မြင်ရပါမည်။ ယင်းကိစ္စအတွက် ခြံမှ ပေးပို့ခါနီးတွင် တစ်ကြိမ်၊ နယ်ခြားရှိ တိရစ္ဆာန် ကွာရင်တိုင်းဇုန်တွင် တစ်ကြိမ်ဆေးစစ်ရမည်။
- တင်ပို့ခြင်းမပြုမီ အနည်းဆုံး တစ်နှစ်အလိုတွင် သားလျှောရောဂါ (brucellosis ) နှင့် နမိုးနီးယား pneumonia တို့ ကင်းစင်ရပါမည်။
- ခြေရာခံနိုင်စေရန်အတွက် နွားအားလုံးသည် နားရွက်တံဆိပ် တပ်ထားရမည်ဖြစ်ပြီး DLD မှထုတ်ပေးသော တိရစ္ဆာန်ဆေးကုသရေး ကျန်းမာရေးလက်မှတ် တစ်ပါတည်း ပါရမည်။

DLD သည် နိုင်ငံရှိ နွားမွေးမြူသူများနှင့် သားသတ်ရုံများအား Good Farming Management (GFM) နှင့် Good Agricultural Practice(GAP) တို့ကို မြှင့်တင်ပေးနေသောကြောင့် ထိုင်းနွားမွေးမြူသူများသည် ဗီယက်နမ်၏ ဘေးကင်းရေးစံနှုန်းများနှင့် ကိုက်ညီရန်အတွက် အထွေအထူး ပြဿနာရှိမည်မဟုတ်ဟု ပြောကြားသည်။

ထို့အပြင် အသားအရောင် ပိုမိုတောက်ပစေရန် Beta-agonist ပစ္စည်းများ အသုံးပြုမှုကို ထိုင်းနိုင်ငံတွင် ၂၀၀၃ ခုနှစ်ကတည်းက တရားမဝင်ဟု ကြေညာခဲ့သည်။

**Source: nationthailand**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/6434-cattle.html

## အယ်နီညိုစိုးရိမ်မှုများ အာရှဆန်ဈေးအပေါ်ရိုက်ခတ်

အယ်နီညို စတင်ခြင်းကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် ပုံမှန်ထက် မိုးရွာသွန်းမှု လျော့နည်းလာကာ စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုကို ထိခိုက်လာနိုင်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

ဖိလစ်ပိုင်သည် အယ်လ်နီညိုဒဏ်ကို ခံနိုင်ရည် မရှိဆုံးသော အာရှနိုင်ငံများထဲတွင်ပါဝင်ပြီး စီးပွားရေးတိုးတက်မှုအပေါ် သက်ရောက်မှုကြောင့် ငွေကြေးဖောင်းပွမှုဝါဒ အတိုးနှုန်း မြှင့်တင်ရသည်အထိ ဖြစ်ပေါ်စေနိုင်ကြောင်း ဂျပန်အခြေစိုက် ဆန်းစစ်ခြင်းနှင့် သုတေသနလုပ်ငန်း Nomura Group မှ ပြောကြားသည်။

တစ်ချိန်တည်းမှာပင် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ Food and Agriculture Organization (FAO) ကလည်း နိုင်ငံတကာ ဆန်စျေးနှုန်းများ မြင့်တက်လာကြောင်း မှတ်ချက်ပြုသည်။ FAO ၏ အဆိုအရ နိုင်ငံတကာ ဆန်စျေးသည် ပြီးခဲ့သည့် မေလက ထပ်မံမြင့်တက်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံမှ ဆန်တင်သွင်းလေ့ရှိသည့် ဗီယက်နမ်နှင့်ထိုင်းအပါအဝင် ပြည်ပသို့ ဆန်တင်ပို့သည့် နိုင်ငံအများစုတွင် ပြည်တွင်းဆန်စျေးနှုန်းများ မြင့်တက်ခဲ့ကြောင်း FAO က ဆိုသည်။ ဖိလစ်ပိုင်အစိုးရသည် ယခုနှစ်အတွင်း ဆန်မက်ထရစ်တန်ချိန် ၃၃၀,၀၀၀ တင်သွင်းရန် စီစဉ်ထားပြီး အရန်ဆန် သိုလှောင်မှု လိုအပ်ချက်ကို ဖြည့်တင်းမည်ဖြစ်သည်။

ဗီယက်နမ်နှင့်ထိုင်း နှစ်နိုင်ငံရှိ ဆန်စျေးများသည် မေလတွင် ဒုတိယလဆက်တိုက် မြင့်တက်ခဲ့သည်။ ဆန်ပို့ကုန် လုပ်ငန်းရှင်များသည် အစဉ်အလာရှိသည့် ဝယ်လက်များထံ စာချုပ်ချုပ်ဆို တင်ပို့မှုများကို ဆက်လက် ဖြည့်ဆည်းပေးနေ သောကြောင့် ဝယ်လိုအား မှန်တန်းဖြင့်ဆက်ရှိနေသဖြင့် ဆန်စျေးနှုန်းများ ပြန်မကျနိုင်ချေ။ "ပုံမှန်အားဖြင့် နိုင်ငံအချို့တွင် ပျမ်းမျှအောက် မိုးရွာသွန်းမှုဖြစ်ပေါ်စေသည့် အယ်လ်နီညိုဖြစ်စဉ်၏ အလားအလာကြောင့် စပါးစိုက်ပျိုးထားသော ဧရိယာ များနှင့် ၂၀၂၃ ခုနှစ် စပါးအထွက်နှုန်းကို ထိခိုက်စေမည့်အရေးအပေါ် စိုးရိမ်မကင်းဖြစ်ကြသည်ကလည်း ဆန်စျေးနှုန်းများကို မြင့်တက်စေသည်" ဟု FAO က ပြောသည်။

Nomura က အယ်လ်နီညိုဖြစ်ပေါ်မှုနှင့်အတူ ပေါ်ပေါက်လာမည့် ဘဏ္ဍာရေးနှင့်ထောက်ပံ့ရေးဘက်ဆိုင်ရာ မူဝါဒများကို မျှော်လင့်ထားကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ခုခံကာကွယ်မှု ပထမအဆင့်အဖြစ် လူမှုဖူလုံရေး အကူအညီ၊ ကုန်စျေးနှုန်းထိန်းချုပ်ခြင်း၊ အစိုးရမှ စိုက်ထုတ်ကျခံခြင်း အစရှိသည့်မူဝါဒများ ကျင့်သုံးကြမည်။ "ငွေကြေးမူဝါဒကို အသုံးမပြု ပေမဲ့ အတိုးနှုန်းလျှော့ချဖို့ နှောင့်နှေးစေနိုင်ပါတယ်" ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

အယ်လ်နီညိုသည် စိုက်ပျိုးရေးထုတ်လုပ်မှုကို အကန့်အသတ်ရှိနေစေပြီး အထူးသဖြင့် ဖိလစ်ပိုင်ကဲ့သို့ အသားတင် တင်သွင်းသည့်နိုင်ငံများတွင် စားသောက်ကုန် ကုန်စျေးနှုန်း ဖောင်းပွမှုကို ဖြစ်ပေါ်စေနိုင်ကြောင်း Nomura မှ ပြောကြားသည်။ "ငွေဖောင်းပွမှု ပိုမြင့်မားနေပြီး နိုင်ငံစီးပွားရေးကြီးထွားနှုန်း နိမ့်ကျနေလိမ့်မယ်။ အာရှတွင် အိန္ဒိယ၊ ဖိလစ်ပိုင်နှင့် ထိုင်း တို့မှာ တိုးတက်မှုကျဆင်းသွားတာအတွက် အကာအကွယ်ကင်းမဲ့နေမယ်။ ပိုမိုမြင့်မားတဲ့ ငွေကြေးဖောင်းပွမှု သက်ရောက် တာကို နိုင်ငံအများစု ကြုံတွေ့ရနိုင်ဖွယ်ရှိတယ်။ အထူးသဖြင့် ဖိလစ်ပိုင်ကဲ့သို့ စားသောက်ကုန် တင်သွင်းရတဲ့နိုင်ငံတွေမှာ ကြုံရမယ်" ဟု အစီရင်ခံစာမှာ ဖော်ပြထားသည်။ Nomura ၏ အဆိုအရ အယ်လ်နီညိုသည် ဖိလစ်ပိုင် GDP တိုးတက်မှုနှုန်းကို ၀.၂ ရာခိုင်နှုန်း လျော့ကျစေလိမ့်မည်။

အမေရိကန်ပြည်ထောင်စု အခြေစိုက် ရာသီဥတု ခန့်မှန်းရေးဌာန Climate Prediction Center (CPC) မှ ဇွန်လ ၈ ရက်နေ့ ရက်စွဲဖြင့် အကြံပေးချက်တွင် အယ်လ်နီညိုအခြေအနေများ ရှိနေပြီဖြစ်ကြောင်း ကြေညာခဲ့ပြီး မြောက်ဘက်ကမ္ဘာခြမ်း ဆောင်းရာသီ ၂၀၂၃-၂၀၂၄ တွင် တဖြည်းဖြည်း အားကောင်းလာမည်ဟု မျှော်လင့်ရသည်။ အယ်လ်နီညို အားကောင်းလာမည့် အလားအလာ ၅၆ ရာခိုင်နှုန်းရှိကြောင်း၊ "အသင့်အတင့်ထက် ကျော်လွန်ခြင်း" ဖြစ်နိုင်ခြေ ၈၆ ရာခိုင်နှုန်းရှိကြောင်း CPC က ခန့်မှန်းထားပါသည်။

**Source: bangkokpost**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6432-el-nino.html

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင်(၂၆-၆-၂၀၂၃ မှ ၃၀-၆-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော ကုန်စည်စျေးနှုန်းများ

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် အာလူး (တစ်ပိဿာ) စျေးနှုန်းများမှာ ဟဲဟိုး A1 ကျပ် ၂၂၅၀၊ ဟဲဟိုး OK ကျပ် ၂၂၅၀၊ ဟဲဟိုး S1 ကျပ် ၂၂၅၀၊ ဟဲဟိုး S2 ကျပ် ၂၂၅၀၊ တရုတ်အာလူး ကျပ် ၂၄၅၀ အသီးသီးစျေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း A1 ကျပ် ၁၅၀၊ ဟဲဟိုး OK ကျပ် ၁၅၀၊ ဟဲဟိုး S1 ကျပ် ၁၅၀၊ ဟဲဟိုး S2 ကျပ် ၁၅၀ နှင့် တရုတ်အာလူး ကျပ် ၁၅၀ အသီးသီးမြင့်တက်ခဲ့ကြောင်း သိရသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ ၄၅ စီး(၂၇၀၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ ပြီးယခုအပတ်တွင်

အာလူးကားစီးရေ ၃၂ စီး (၁၉၂၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၁၃ စီး (၇၈၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက် လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၁၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၀၅၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၀၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၈၀၀၊ မုံရွာရှယ် ကျပ် ၂၁၅၀၊ မုံရွာလတ်ကြီး ကျပ် ၂၂၅၀၊ မုံရွာလတ်သန့် ကျပ် ၂၀၅၀ နှင့် မုံရွာလတ်ချော ကျပ် ၁၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူလတ်ချော ကျပ် ၇၅ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၂၅ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၂၅ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၅၀ ၊ မုံရွာရှယ် ကျပ် ၅၀ ၊ မုံရွာလတ်ကြီး ကျပ် ၇၅ ၊ မုံရွာလတ်သန့် ကျပ် ၁၅၀ နှင့် မုံရွာလတ်ချော ကျပ် ၁၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင် ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၁၁စီး(၇၀၂၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၈၀စီး (၄၈၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီ ကားစီးရေ ၃၇စီး (၂၂၂၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၇၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၇၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၇၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၈၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၈၅၀၀ အသီးသီး ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၂၀၀၊ အောင်ပန်းထူး-၂ ကျပ် ၂၀၀၊ အောင်ပန်းထူး-၃ ကျပ် ၂၀၀၊ အောင်ပန်းထူး-၄ ကျပ် ၂၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၂၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၁၉၀၀ ( ၅၇၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်ကြက်သွန်ဖြူ အိတ် ၁၄၀၀ ( ၄၂၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူ အိတ် ၅၀၀ ( ၁၅၀၀၀ ပိဿာ ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည် ။

**Domestic(Ygn) MITC**

## မြန်မာ့သရက်သီးများကို တရုတ်နိုင်ငံသို့သာ အဓိကတင်ပို့နေရ




မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ စိန်တစ်လုံးသရက်အပါအဝင် ရာသီပေါ်သရက်သီးများကို တရုတ်နိုင်ငံ ဈေးကွက်အတွင်းသို့ အဓိကတင်ပို့နေရတယ်လို့ သရက်သီး တင်ပို့ ရောင်းချသူများထံမှ သိရပါတယ်။

ပြည်တွင်းကထွက်ရှိသည့် သရက်သီးများအနက် စိန်တစ်လုံး၊ ရွှေဟင်္သာစတဲ့ သရက်များကို တရုတ်နိုင်ငံအတွင်းသို့ နယ်စပ်ကနေတစ်ဆင့် တင်ပို့ရောင်းချနေကြခြင်း ဖြစ်ပါတယ်။ ထိုကဲ့သို့ တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ဇွန်လကုန်အထိ စိန်တစ်လုံးသရက် အလှဆုံးတစ်လုံးကို ယွမ် ၁၀၀ အထက်ရရှိပြီး ရွှေဟင်္သာအလှဆုံးအလုံးတွေကတော့ ယွမ် ၆၀အထက် ရရှိတယ်လို့ သိရပါတယ်။

ယခုနှစ် သရက်သီးပေါ်ချိန်မှာ တရုတ်သို့တင်ပို့လျက်ရှိသည့် သရက်သီးများမှာ ပို့ကုန်အရည်အသွေး မမီတာတွေရှိနေတာကြောင့် ဈေးကွက်အတွင်းမှာ ဈေးနှိမ်ခံရတာတွေရှိသလို ဝယ်လိုအားကျဆင်းတာတွေရှိနေတယ်လို့လည်း သစ်သီးကုန်သည်တွေက ပြောပါတယ်။ ဒါကြောင့် အရည်သွေးမီတဲ့ သရက်သီးပို့ကုန်တွေ ထုတ်လုပ်တင်ပို့ရောင်းချကြဖို့ ကုန်သည်တွေနဲ့ တောင်သူတွေ အချင်းချင်းကြားမှာ သတိပေးတာတွေလည်း ရှိနေတာဖြစ်ပါတယ်။

မြန်မာ့စိန်တစ်လုံးသရက်သီးများကို တရုတ်နိုင်ငံဈေးကွက်အပြင် စင်ကာပူနိုင်ငံဈေးကွက်သို့လည်း ရေကြောင်း၊ လေကြောင်းများမှတစ်ဆင့် စတင်တင်ပို့နေပြီဖြစ်ကြောင်း သိရပါတယ်။

စိန်တစ်လုံးသရက်သီးများကိုတော့ မြန်မာနိုင်ငံအတွင်းက မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် အဓိက စိုက်ပျိုးထွက်ရှိတယ်လို့ သိရပါတယ်။

ဤဆောင်းပါးကို Opinion Leaders မှကူးယူဖော်ပြပါသည်။

Source: https://t.me/htwettoe

## ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု(RCEP) အရ တရုတ်–ဂျပန်–တောင်ကိုရီးယားနိုင်ငံတို့၏ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်

တရုတ်–ဂျပန်–တောင်ကိုရီးယားနိုင်ငံများအကြား ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မူဘောင်အတွင်းတိုးတက်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ ကုန်သွယ်ရေးဆိုင်ရာချိတ်ဆက်ဆောင်ရွက်မှုများကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာဖိုရမ်၌ ထပ်မံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

သုံးနိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် အပြည်ပြည်ဆိုင်ရာဖိုရမ်ကို တရုတ်နိုင်ငံအရှေ့ပိုင်း ချင်းတောင်မြို့တွင်ကျင်းပရန် တရုတ်ပြည်သူ့သံတမန်ရေးရာအဖွဲ့အစည်း၊ သုံးနိုင်ငံပူးပေါင်းဆောင်ရွက်ရေး အတွင်းရေးမှူးရုံးနှင့် ချင်းတောင်ဒေသဆိုင်ရာအစိုးရတို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ “ကိုဗစ်အလွန်ကာလ သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှု ပြန်လည်အသက်ဝင်ခြင်း– ဆက်သွယ်ရေး၊ ချိတ်ဆက်ဆောင်ရွက်မှုနှင့် လူမှုအသိုက်အဝန်း” ခေါင်းစဉ်ဖြင့် ဖိုရမ်ကိုကျင်းပမည်ဖြစ်ပြီး အစိုးရအရာရှိကြီးများ၊ ယခင် နိုင်ငံရေးပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် အရှေ့အာရှဒေသတွင်း နိုင်ငံသုံးနိုင်ငံ၏ စီးပွားရေးကျွမ်းကျင်ပညာရှင်များ ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် တရုတ်နှင့်ဂျပန်နိုင်ငံ၊ ဖေဖော်ဝါရီလတွင် တောင်ကိုရီးယားနိုင်ငံတို့ RCEP တွင် စတင်အသက်ဝင်ခဲ့ပြီး ၎င်းသည် တရုတ်၊ ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံတို့ အပြည့်အဝပါဝင်သည့် ပထမဆုံး လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်ဖြစ်လာခဲ့ပါသည်။ အဆိုပါအနေအထားသည် အဖွဲ့ဝင်နိုင်ငံများအကြား နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုအတွက် အကောက်ခွန်ဆိုင်ရာ ကုန်ကျစရိတ်များ လျော့ချနိုင်မည်ဖြစ်ပြီး ထုတ်လုပ်သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့်စနစ်ကဲ့သို့သော အဆင်ပြေလွယ်ကူစေမည့် နည်းလမ်းများ တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံတို့၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သည် တရုတ်နိုင်ငံ၏ စတုတ္ထနှင့်ပဉ္စမကုန်သွယ်ဖက်နိုင်ငံများဖြစ်ကြောင်း အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏အဆိုအရ သိရှိရပါသည်။

၂၀၂၂ ခုနှစ်တွင် တရုတ်–တောင်ကိုရီးယားနှစ်နိုင်ငံအကြား ကုန်ပစ္စည်းကုန်သွယ်မှုမှာ အမေရိကန် ဒေါ်လာ ၃၆၂.၃ ဘီလီယံရှိခဲ့ပြီး တရုတ်နိုင်ငံမှ တောင်ကိုရီးယားနိုင်ငံသို့ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၆၂.၆ ဘီလီယံနှင့် တရုတ်နိုင်ငံသို့ တောင်ကိုရီးယားနိုင်ငံမှ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၉၉.၇ ဘီလီယံရှိခဲ့ကြောင်း အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့၏အချက်အလက်များအရ သိရှိရပါသည်။

တရုတ်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့အကြား ကုန်ပစ္စည်းကုန်သွယ်မှုမှာ သံမဏိပြားနှင့်ဖိုင်ဘာကဲ့သို့သော အပေါ့စားစက်မှုပစ္စည်းများနှင့် ဓာတုဗေဒဆိုင်ရာပစ္စည်းများမှ တပိုင်းလျှပ်ကူးပစ္စည်းကဲ့သို့သော အရည်အသွေးမြင့် တန်ဖိုးမြင့်အလယ်အလတ်တန်းစား ထုတ်ကုန်ပစ္စည်းများသို့ ပြောင်းလဲတင်ပို့မှုများရှိခဲ့ကြောင်း သိရှိရပါသည်။

ယခင်နှစ်က တရုတ်နိုင်ငံနှင့်ဂျပန်နိုင်ငံတို့၏ ကုန်ပစ္စည်းကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၃၅၇.၄ ဘီလီယံရှိခဲ့ပြီး တရုတ်နိုင်ငံမှ ဂျပန်နိုင်ငံသို့ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၇၂.၉ ဘီလီယံနှင့် တရုတ်နိုင်ငံသို့ ဂျပန်နိုင်ငံမှ သွင်းကုန်အမေရိကန်ဒေါ်လာ ၁၈၄.၅ ဘီလီယံတင်ပို့ခဲ့ကြောင်း အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ အချက်အလက်များအရ သိရှိရပါသည်။

တရုတ်နိုင်ငံမှ ဂျပန်နိုင်ငံသို့ မော်တော်ကား၊ စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများတင်ပို့ပြီး အဓိကတင်သွင်းကုန်မှာ ဓာတုဗေဒဆိုင်ရာပစ္စည်းများဖြစ်ကြောင်း သိရှိရပါသည်။ တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့၏ GDP မှာ RCEP ၏ ၈၀ ရာခိုင်နှုန်းကျော်ရှိပြီး အဆိုပါသုံးနိုင်ငံ၏ စီးပွားရေးမှာ RCEP ကတိကဝတ်များ အကောင်အထည်ဖော်ဆောင်ရာတွင်

အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်းနှင့် RCEP လုပ်ငန်းစဉ်များကို လက်တွေ့ကျစွာ ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

တရုတ်၊ ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံတို့အကြား နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်ရေးအတွက် တရုတ်-ဂျပန်-တောင်ကိုရီးယား လွတ်လပ်သောကုန်သွယ်မှုဇရိယာတွင် စေ့စပ်ညှိနှိုင်းမှုများ ပြန်လည်စတင်ရေးနှင့် ကမ္ဘာ့အကြီးဆုံး အဆင့်မြင့် လွတ်လပ်သောကုန်သွယ်မှုဇရိယာ တည်ဆောက်ရေး အတူတကွဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း ဖော်ပြထား ပါသည်။

**Source:** **RCEP boosts trade cooperation among China, Japan and South Korea – CGTN**

**(စီးပွားရေးသံမှူး၊ ပေကျင်းမြို့)**

https://myantrade.gov.mm/article/Naypyitawstp_050720231031

## တရုတ်နိုင်ငံသည် ချေးငွေအပါအဝင် ငွေကြေးထောက်ပံ့မှုများ တိုးမြှင့်သွားမည်

တရုတ်နိုင်ငံသည် အငယ်စားနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက်ပါဝင်သော ချေးငွေထောက်ပံ့မှုများနှင့် အိမ်ယာ ကြိုတင်ရောင်းချမှုများအတွက် ချေးငွေများအား ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း တရုတ်ပြည်သူ့ဘဏ် (ဗဟိုဘဏ်)၏ ကြေညာချက်အရ သိရသည်။

ဗဟိုဘဏ်၏ ၂၀၂၃ ခုနှစ် ဒုတိယသုံးလပတ် ပုံမှန်အစည်းအဝေးမှ ဘဏ္ဍာရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု၊ သိပ္ပံ နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုနှင့် အခြေခံအဆောင်အအုံတည်ဆောက်မှုစသည့် အဓိကကဏ္ဍများနှင့် အားနည်းသော ဆက်စပ်လုပ်ငန်းများအတွက် ပံ့ပိုးကူညီမှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ပြည်တွင်းစီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာသော်လည်း ပြည်တွင်းဈေးကွက် အားကောင်းမှုနှင့် ဝယ်လိုအားမှာ နည်းပါးနေသေးကြောင်း ဆွေးနွေးပွဲမှ မှတ်ချက်ပြုခဲ့ပါသည်။

ဗဟိုဘဏ်အနေဖြင့် တိကျသေချာသော ငွေကြေးမူဝါဒကို ထိရောက်စွာ အကောင်အထည်ဖော်ရန် ကြိုးပမ်းဆောင်ရွက် လျက်ရှိပြီး စစ်မှန်သော စီးပွားရေးကို အထောက်အကူဖြစ်စေရန်အတွက် တန်ပြန်-စက်ဝိုင်းချိန်ညှိမှု (conter-cyclical adjustment) အားကောင်းလာစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အစည်းအဝေး၌ ပြောကြားခဲ့သည်။

ချေးငွေကဏ္ဍ တဖြည်းဖြည်း တိုးတက်လာရန်နှင့် ငွေကြေးအခြေအနေများကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ငွေကြေးမူဝါဒ လွှဲပြောင်းရေးယန္တရားကို ချောချောမွေ့မွေ့ ဆောင်ရွက်မည်ဖြစ်သည်။ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများကို ထိထိ ရောက်ရောက် လှုံ့ဆော်ပေးနိုင်သည့် မူဝါဒမက်လုံးများနှင့် အစိုးရ ရင်းနှီးမြှုပ်နှံမှု လမ်းညွှန်ချက်များ အားကောင်းနေချိန်တွင် မူဝါဒအခြေခံ၍ ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ ဘဏ္ဍာရေးလုပ်ဆောင်ချက်များနှင့် ရန်ပုံငွေများကို အပြည့်အဝထောက်ပံ့ပေးနိုင်ရေး ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း အစည်းအဝေး၌ တောင်းဆိုထားသည်။

တရုတ်ယွမ်ငွေ၏ ငွေလဲနှုန်းကို သင့်လျော်ပြီး ဟန်ချက်ညီသော အဆင့်တစ်ခုတွင် တည်ငြိမ်နေစေရန် ဈေးကွက် အခြေခံသည့် ငွေလဲနှုန်းပြုပြင်ပြောင်းလဲမှုများကို လေးလေးနက်နက် ဆက်လက်ကြိုးပမ်း လုပ်ဆောင်သွားရမည်ဖြစ်သည်။ အိမ်ယာကြိုတင်ရောင်းချမှုများအတွက် ပံ့ပိုးမှုသေချာစေသည့် ခိုင်မာသောလုပ်ဆောင်မှု၊ ပြည်သူများ၏ စားဝတ်နေရေး တည်ငြိမ်ရေးနှင့် အိမ်ခြံမြေဈေးကွက်တည်ငြိမ်ပြီး ကောင်းမွန်စွာဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစည်းအဝေး၌ ဆွေးနွေးခဲ့ကြ ပါသည်။

**Source:** **http://en.people.cn/n3/2023/0701/c90000-20038413.html**

**(စီးပွားရေးသံမှူး၊ ကူမင်းမြို့)**

https://myantrade.gov.mm/article/Naypyitawstp_040720230105

# STOCK EXCHANGE (5.7.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 5th Jul. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 92,892 (Shares) | 167,269,250 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 33,109,694 | 264,878 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,900 | 2,900 | 2,900 | 347 | 1,006,300 | 38,929,150 | 112,895 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 23 | 165,600 | 10,400,986 | 74,887 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,500 | 8,779 | 13,168,500 | 29,664,613 | 44,497 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 0 | 0 | 12,823,224 | 30,135 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,350 | 2,450 | 2,350 | 185 | 435,750 | 19,977,223 | 48,944 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 4,800 | 227 | 1,090,400 | 10,497,598 | 52,488 |
| MAEX | 00008 | 1,800 | +0 | +0.00% | 1,850 | 1,850 | 1,800 | 83,331 | 151,402,700 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 5th Jul. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 356.05 | +1.03 | +0.29% | 355.62 | 356.05 | 353.88 | 92,892 | 167,269,250 | 8 | 671,573 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 5th Jul. 2023

| Trading Volume | Trading Value |
|---|---|
| 92,892 (Shares) | 167,269,250 (MMK) |

## Main Board

As of 1:00 pm. 5th Jul. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 92,892 (Shares) | 167,269,250 (MMK) |

| MYANPIX | 356.05 ▲ 1.03 |
|---|---|
| Total Volume (shares) | 92,892 |
| Total Value (MMK) | 167 mil |
| Listed Company | 8 |
| Market Cap. (MMK) | 671,573 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |
| MAEX | 00008 | 1,800 | ▲ 0 |